# သခင့်စကား
# The LORD's Word

မင်းအောင်သက်လွှင်မိခင်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ထာဝရဘုရားထံ နှုတ်ကပတ်တော် ဟူသည်ကား၊ သင်တို့၌
ငြိမ်းခြောက်သော စကားနှင့် ကြေး ကြော်
ငြာ။ ထိုငြိမ်းချမ်းသော နှုတ်ကပတ် အပြစ် သည် ငါ့ရေ့
သို့ တက်လာပြီး၍ မိန့်တော်မူ၏။ ယောန ၁း၁–၂

အမှတ်စဉ် (၁၉၈) ဖေဖော်ဝါရီလ ၂၀၁၈ ခုနှစ် ရေးပါ (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်) ၂၀၀၁ ခုနှစ်မှစ၍ ထုတ်ဝေခဲ့သည်။ Est; September 2001


## ဂုဏ်ရဲ့နိဂုံး

ဂုဏ်ရဲ့နိဂုံး *(မင်းအောင်သက်လွှင်)*

သက်ရှင် ခန ၊ မြေပေါ်လမ်းလျှောက်
ဂုဏ်မောက် လမ်းလျှောက် ၊ မခုန်ပေါက်နဲ့။
ခုန်ပေါက် လမ်းလျှောက် ၊ ဂုဏ် မမောက်နဲ့။
သက်ဆုံး နိဂုံး လူညွှန့်တုံးမှ -
သက်ပြန်း နိဂုံး ဝိညာဉ်ဆုံးမှ -
သင့်တစ်ကိုယ်လုံး မြေကြီးဖုံးသလို ၊
သင့်အောက်က မြေ ၊ သင့်ပေါ်ရောက်နေ
သင်နင်းတဲ့ မြေ ၊ သင့်ပေါ် ဝိနေ ။
ထိုအချိန်မှ လိုတရ သလို -
သင့်ရဲ့ ဂုဏ်ပုဒ် မယူသုံးနဲ့
သင့်ကိုယ်လဲ မြေဖုံး ၊
သင့် ဂုဏ်လဲ ပျောက်ဆုံး
အဲဒါ - ဂုဏ် ရဲ့ နိဂုံး ။ ။ မင်းအောင်သက်လွှင်



---

## ချစ်သူ့သို့

" ချစ်သူသို့ " *မေသူ (ဇာတနေဇာအသင်းတော်)*

အချစ်ဝစ် လမ်းက ၊ ပျားရည် မြစ်တစ်စင်း မဟုတ်ခဲ့ဘူး။
ဘဝ ခရီးလမ်းက ၊ ပန်းမွေ့ယာ မဟုတ်ခဲ့ဘူး။
အကွေ့ အကောက် များတဲ့ ၊ ဆူးခြောင့် ခလုတ်တွေ ရှိမယ်။
လမင်း ထိုးတယောနဲ့ ကဗျာဆန် နေ့ရက်တွေ ရှိတယ်။
အသီးကျွန် ဂီတာအိုလေးနဲ့ ၊ အဆိပ်သင့် မီးပျက် ညတွေ ရှိမယ်။
ဘာပဲဖြစ်ဖြစ် ... ချစ်သူရေ ၊ နားလည်မှု ခေါင်းစဉ်အောက်
သစ္စာလက်တွေ ခိုင်ပြီ ၊ မေတ္တာပန်းတွေ ထာဝစဉ် ပွင့်လန်းလို့
ခရစ်တော် ကျောက်ပေါ် ၊ ငါတို့ နှစ်ယောက်ရဲ့ မိသားစု အိမ်လေး
တည်ဆောက်ကြရအောင်။ ကဲ .... လာ ..... ။ ။ မေသူ(ဇာတနေဇာအသင်းတော်)



---

## အလိုတော်နှစ်သစ်

အလိုတော် နှစ်သစ် *Sai Naung (Kalay)*

ကမ္ဘာလောကကြီးရဲ့ အခန်းကျဉ်းထဲမှ
အတိတ်ဆိုတဲ့ အိပ်ယာထဲကနေ နိုးထပြီး
ပစ္စုပ္ပန်ပြူတင်းတံခါးကို ဖွင့်လိုက်ချိန်မှာ
နံနက်ခင်း ၂၀၁၈ ကို မြင်တွေ့လိုက်ရတယ်။
ဟာ - အနာဂါတ်တွေက စောင့်ကြိုလို့
ဆီးကြိုနေလိုက်တာ -
များလိုက်တဲ့ အနာဂါတ်လမ်းတွေ
မိဘ က ဖြစ်စေချင်တဲ့ အနာဂါတ်
ပတ်ဝန်းကျင်က ဖြစ်စေချင်တဲ့ အနာဂါတ်
ချစ်သူက ဖြစ်စေချင်တဲ့ အနာဂါတ်
အသင်းတော်က ဖြစ်စေချင်တဲ့ အနာဂါတ်
လက်ရှိ ကိုယ်ဖြစ်နေတဲ့ အခြေအနေက တွန်းပို့နေတဲ့ အနာဂါတ်။
ဘုရား ဖြစ်စေချင်တဲ့ အနာဂါတ်။
အနာဂါတ်တွေ များစွာက ၂၀၁၈ မှာ ကြိုဆိုနေတယ်။
အနာဂါတ်လမ်း အရွေး မမှားမိစေနဲ့ မိတ်ဆွေ ။ ။
မေတ္တာဖြင့် - Sai Naung (Kalay)




---

## နေရောင်ခြည် = ယေရှု

နေရောင်ခြည် = ယေရှု *မိုင်လေး (နည်းပညာ)*

နေဝင်မိုးချုပ် အိပ်တန်း ဝှက်ငယ်
လေဟုန်စီးလေရဲ့ .. ။
ဝေလီဝေလင်း ကြားပြောသတင်း
ခွန်အားယူလေရဲ့ .. ။
ရာသီစာ ဆောင်းတွင်း ဆို
ကြက်သားဆန်ပြုတ် သောက်လိုက်ရမှ
မီးဒိုးနဲ့လေး ရှုလိုက်ရမှ နေသာမိ။
ဝါဆို မိုးဆို ကော်ဖီ ပူပူ FM လေးဖွင့်
နားထောင် ဆင်လိုက်ရမှ ။ နေသာမိ ။
ကညာပျို နွေအို သစ်ရွက်ခြောက် လှဲ့သံ
လုပ်အား ဒါန ပြုလိုက်ရမှ ။ နေသာမိ ။
မလွတ်ကင်းတဲ့ ဘဝရေသ
နွေးထွေးရောင်ခြည်အင်
အောက်စီ ကာဗွန် မရှု မထုတ် လို့မရ
မလိုချင် သေရုံမျှသာ...။
တစ်နေ တစ်ဘဝ သေမယ် ရှင်မယ်
စိတ်ကြိုက်သာရွေး ရောင်ခြည်အင်ကို -
ပြေးပုန်းလေမလား။ စံစားလေမလား။



။ မိုင်လေး (နည်းပညာ)

---

## ချစ်ခြင်းဖွဲ့တေးသံ

ချစ်ခြင်းဖွဲ့တေးသံ *ခန့်သစ်ရှင်*

အို ...
အပြစ်တင်သံ ၊ ဆဲဆိုသံတွေ
ကြိမ်းမောင်းသံတွေ ၊ ရိုက်နှက်သံတွေ
သခင့် ထံသို့ ပျံလာတယ်။
အပြစ်မရှိနေလည်း
အစေကို သူခံ ၊ ပြင်းပြ အင်တွေနဲ့
ကိုယ်တော်ရဲ့ ရယ်သံ ရှိုနေတုန်းဘဲ။
အို -
မနာလို ဝန်တိုမှု ၊ ကောက်ကျစ် စဉ်းလဲမှု
ဒုစရိုက် ပျော်မွေ့မှုနဲ့
လောက လူသားတွေအတွက်
ပြည့်ထွက်လာတဲ့ အသံ
ဆန်လာရာကို မျှော်ကြည့်မိတော့
အလို -
ကိုယ်တော် ငိုနေပါရောလား ။ ။ ခန့်သစ်ရှင်





---

## သခင့်တံတား

သခင့်တံတား *သိုးသူငယ် "ဒါက"*

ကောင်းကင်လမ်းအတွက် -
ခင်းထားတဲ့ သခင့်တံတား
မင်း နင်းပြီးသာ လျှောက်ခဲ့တော့ -၊
သခင် ခင်းထားတဲ့ တံတား



ခက်ခဲ ကြမ်းတမ်း လေပြင်းထန်လဲ
လက်တန်း (လက်ရမ်း) ပါသို့
မင်း - အပြင် မရောက် ၊ အောက် မကျဖို့
သခင် ပြင်ဆင်ပြီးသား။
လျှောက်နေရင်း -
တံတား လမ်းပျောက် မသွားဖို့
နိုင်ငံပိုင်ရှင် သခင်ရဲ့ ၊ အသံကို အမြဲ နားစွင့်
သခင်ပို့တဲ့
လမ်းအတိုင်း ဆက်လျှောက်သွားမယ်။
မင်း ရွေ့လိုက်တော့ .... ။ ။ သိုးသူငယ် ဒါဝိ

---

## ပုံရိပ်

ပုံရိပ် ဆယ်မြှုရယ်စိုးလွင်



မနေ့တနေ့ကအဖြစ်အပျက်
သမိုင်းထက်မှာကျန်ရစ်ခဲ့တယ်
ဒီသမိုင်း
ဘယ်သူရေးခဲ့တာလဲ
အစွမ်းခွန်အား
ခရစ်တော်ဘုရားပေးလို့
ဆေးသားနက်နက်
ငါရေးသားဖြစ်ခဲ့တယ်....။ ။ ဆယ်မြှုရယ်စိုးလွင်

---

## သပွတ်အူများ

သပွတ်အူများ စိုက်သူ



ရှုန်းမရတဲ့ ခုစရိုက်
မုန်းသလိုနဲ့ ဆက်မိုက်
လုံးချာလိုက် သပွတ်အူလို
မျက်ကန်းတစ်သိုက်
ဆင်သေပေါ်က ကျီးမိုက်
အကြိုက်တွေစား စရိုက်တွေကြား
အမှားနဲ့အခါး
နားလည်စားထားလေတော့
လုံးပါးပါးလေပေါ့ ဒီနေ့နဲ့မနက်ဖြန်
တစ်ရွက်လှန် တစ်ရက်မောလို့
ရှုက်ဖော်တို့ ကြီးသထက်ကြီး
အသီးတွေကဖျင်း အဆံတွေကချောင်
ယောင်တောင်တောင်
အမှောင်ဖုံးကာဖြင့်
နေဝင်ချိန် အဝိဇ္ဇာတောမှာ
လူဖြစ်နာခံ့ ။ ။ စိုက်သူ

---



## အပျိုမှလူပျိုများအား သိစေလိုသောအရာ

**အပျိုမှ လူပျိုများသိစေလိုသောအရာ** ဆယ်မြှုရယ်စိုးလွင်

နစ်ကိုယ်တူဘဝလက်တွဲဖော်အဖြစ် အမျိုးသမီးများ မည် သို့ စဉ်းစားတွေးခေါ်လျှက် ချစ်သူရည်းစားထားကြသည်၊ လက် ထပ်ကြသည်ကို ကျွန်ုပ်တို့ မခန့်မှန်းနိုင်သော်လည်း ယခု ကျွန်ုပ် တို့သိနိုင်ခွင့်ရှိနေပါပြီ။

မိမိကိုယ်ကိုမိမိမေးခွန်းများစွာဖြင့် မေးမြန်းလေ့ရှိသူ ဖြစ်နေခဲ့ပါသလား။ "ကမ္ဘာမှာရှိတဲ့ အမျိုးသမီးတွေက ငါ့ကိုဘယ်လို မျိုးမြင်လိုကြပါသလဲ"ဆိုပြီး မေးမြန်းခဲ့သူဖြစ်ပါလျှင် ဆက်လက် ဖတ်ရှုဖို့ အကြံပြုလိုပါတယ်။

ကျွန်မအနေဖြင့် ခရစ်ယာန်အမျိုးသမီးများကိုယ်စား ကျွန်မတို့ အမျိုးသမီးများအနေဖြင့် မိမိတို့အိမ်ထောင်ဖက် အဖြစ်လက်တွဲရမယ့် အမျိုးသားကိုဘယ်လိုမြော်လင့် ထားတတ် ကြောင်း ပြောပြရလို့ အရမ်းဝမ်းသာကျေနပ်မိပါတယ်။ ဒါပေမဲ့ အားလုံးအတွက်တော့ အတိအကျမပြောနိုင်လို့ တောင်းပန်ပါ တယ်။ ဘယ်လိုခရစ်ယာန်အမျိုးသားကို မြော်လင့်ကြောင်းအကျဉ်း ချုံ့ပြီး သွားပါမယ်။ ကျွန်မ အမည်က မာလာမြင့်ပါ။

**၁။ ခရစ်တော်နှင့်အတူသွားလာသောအမျိုးသား။**

ဦးဆုံးနှင့် အရေးကြီးဆုံးအချက် ကျွန်မတို့ အမျိုးသမီး တွေ ရှာနေတဲ့ အိမ်ထောင်ဖက်အမျိုးသားလောင်းက ခရစ်တော် နောက်ကို လုံးလုံးဆက်ကပ်အပ်နှံ အသက်ရှင်တဲ့သူကိုပါပဲ။ သူ့ဘဝမှာ ခရစ်တော်ကသာ ဗဟိုချက်မဖြစ်ပြီး။ လုပ်မှုဆက်ဆံ ရေး၊ စီးပွားရောင်း ဝယ်ရေးမှအစ နောက်ဆုံး နောင်တစ်ချိန် သူ့အိမ်ထောင်ရေးအဆုံး ဘယ်လိုကိစ္စမျိုးမှာမဆို ခရစ်တော်ကို ဗဟိုပြုတဲ့ အမျိုးသားမျိုးကို ကျွန်မတို့နှစ်သက်လိုလား မြော်လင့် ပါတယ်။ ဒါက အရေးကြီးဆုံးအချက်ဖြစ်ပြီး၊ တည်ကြည်တဲ့ ယုံကြည်သူမျိုးနှင့်သာ တွေ့ဆုံလက်တွဲလိုပါတယ်။

**၂။ ဖြူစင်ရိုးသားမှု။**

ဖြူစင်ရိုးသားမှုကလည်း အလွန်အရေးကြီးပါတယ်။ ဒီနေ့ လူမှုရေးနယ်ပယ်မှာကြည့်ရင် ဖြူစင်ရိုးသားမှုများ နိမ့်ပါးလာတဲ့ အတွက် သံသယတွေက နေရာယူလာတာပါ။ ဒါကြောင့်လည်း လူမှုရေးနယ်ပယ်အသီးသီးမှာ ဖြူစင်ရိုးသားမှုကို အဓိကဦးစား ပေးရှာဖွေနေကြတာပါ။ ခေတ်ကာလအမျိုးသားများကတော့ လိင်မှုကိစ္စကအစ သူကြည်ဖြူရင်ပြီးတာပဲဟု ဖြီးဖလွယ်ပြော တတ်ကြပေမဲ့၊ အကယ်၍ အမျိုးသမီးတစ်ဦးအနေဖြင့် ထိုသို့ပြုမူ လာလျှင် အားလုံးက အထင်သေးတဲ့အကြည့်နဲ့၊ ဝိုင်းဖယ်ကာ မနှစ်မြို့ကြပါဘူး။ အထူးသဖြင့် ကိုယ်ဝန်ဆောင်သွားရတဲ့ အမျိုး သမီးငယ်များအဖို့ ပိုဆိုးလှပါတယ်။

လူမှုအသိုင်းအဝန်းမှာ ဘယ်လိုပဲပြောကြပါစေ၊ ဘုရား သခင်ကလူပျို၊ အပျို၊ ကျား၊ မ အဆင့်အတန်းမရွေးဘဲ အားလုံးကို ဖြူစင်ခြင်း။ သန့်ရှင်းခြင်းဖြင့် အသက်ရှင် သွားလာရန် ဆိုတဲ့ ခေါ်ခြင်းတရားကိုတော့ သတိပြုရပါလိမ့်မယ်။ "ဘုရားသခင် အလိုတော်ဟူမူကား သင်တို့သည် မတရားသော မေထုန်ကို ကြဉ်ရှောင်၍ သန့်ရှင်းစေခြင်းငှါငှင်း အလိုတော်ရှိ၏" (၁ သက်၊ ၄း၃-၆)။ ခရစ်ယာန်အမျိုးသမီးများအနေဖြင့် စိတ်ပိုင်း။ ရုပ်ပိုင်း။ ဝိညာဉ်ပိုင်းတွင် ဖြူစင်၊ ရိုးသားခြင်းဖြင့် နေထိုင်သော အမျိုး ကောင်းသားများကို မြော်လင့်အားထား ရှာဖွေနေကြပါတယ်။ ညစ်ညမ်းပုံများကြည့်ခြင်း။ အပြာ ဇာတ်ကားများနှင့် သွေးသားကို လှုံ့ဆော်ပေးမည့် အပြု အမူများကို သင်တစ်ဦးတည်းသာရှိသည် ဘယ်တော့မှ လူသူ လေးပါးမိမည်မဟုတ်၊ သိကြမည်မဟုတ်ဟု အတွေး မမှားပါ စေနဲ့၊ အချိန်တန်သောအခါ အားလုံးကပေါ်လာတာပါပဲ၊ ထွက်ပေါ်လာပါလိမ့်မည်၊ အထက်ပါအမူအကျင့်များရဲ့ အကျိုး သက်ရောက်မှုကို ကျွန်မတတ်သိကြားမိသမျှ ပြန်ပြောပြ လိုပါတယ်။ ထိုသို့သောသူတို့သည် အစက ရိုးရိုးဖြစ်သော်လည်း "အစက ရိုးရိုး။ နောက်တော့တစ်မျိုးတိုးလို့" ဆိုသော သီချင်း အတိုင်း သူတို့၏ ဖြူစင်သော ချစ်သူရည်းစားအဆင့်၊ ဖြူစင်သော ချိန်းဆိုမှုများကို မသိမသာနှင့် အဆုံးသတ်တွင်လမ်းလွဲစေ ခဲ့ပါသည်၊ ဒါထက်ဆိုးတာက အဲ့ဒီမကောင်းတဲ့ အမူအကျင့်က အိမ်ထောင်သည်ဖြစ်သည် အထိ အကျိုးဆက်တို့သည် လိုက်ပါ လာတတ်ကြတယ်ဆိုတာ မမှားပါဘူး။

**၃။ ယုံကြည်စိတ်ချမှုရှိသူ။**

ယုံကြည်သူအမျိုးသမီးများအနေဖြင့် အမျိုးသားများကို မိမိ၏ ဖြစ်တည်မှုနှင့် မိမိ၏အရှိတရားအပေါ်တွင် စိတ်ချမှုရှိသူ ကို ချစ်သူရည်းစားအဖြစ်ထားရှိလိုပါတယ်။ ဝလတောင့်တင်း ကြံ့ခိုင်ခြင်းနှင့် အားကစားထူးချွန်ထက်မြက်မှုတို့က ကျွန်မတို့ စိတ်ကို လှုပ်ရှားစေ



သခင့်စကား [illegible] ၂၀၁၈ ခုနှစ်။
[illegible] ကျေးဇူးတော် [illegible]

နိုင်စေပေမဲ့၊ ဒါတွေက တခဏတာဖြစ်စေ ပြီး၊ တစ်ဘဝလုံးအတွက် လက်တွဲဖို့ရန်တော့ ကျွန်မတို့စိတ်ကို မလှုံ့ဆော်နိုင်ပါဘူး။ ကျွန်မတို့အတွက် ရေရှည်တည်တံ့ပြီး၊ အသက်အရွယ်ရလာသည့်တိုင် မပြောင်းမလဲ တည်ရှိနေမည့် အချို့သော အရာများကိုသာ ကျွန်မတို့မျှော်လင့်ရှာဖွေ တတ်ကြ ပါတယ်။ မိမိအစွမ်းအစနှင့် မိမိ၏ကျွမ်းကျင်မှုထက် ဘုရားသခင့် အလိုတော်နှင့် အကြံအစည်တော်ကို ရှေ့တန်းတင်ပြီး အဖြစ်၊ အရှိအတိုင်းဘုရားနှင့်မြဲနိုင်တည်ကြည်စွာ စိတ်ချမှုရှိသော အမျိုးသားကိုသာ ပိုပြီးစိတ်မှာ တောင့်တမိပါတယ်။ မိမိအစွမ်း အစ ထက် ဘုရားသခင်၌ စွဲမြဲနေခြင်းက ကျွန်မတို့ရဲ့စိတ်ကို ပိုပြီး စွဲဆောင်မှုရှိစေပါတယ်။

ဘုရားနှင့်အတူ နိုင်ခန့်မြဲမြံမှုရှိနေသူက တစ်ဘဝလုံး အတွက် စိတ်ချလောက်သည့် ကာကွယ်စောင့်မမှုကိုလည်း ပေးစွမ်းနိုင်တာကြောင့်ပါ။ ဘုရားသခင်မှ လူသားတို့အား နိုင်မာ တိကျသည့်လုပ်ငန်းစဉ်များနှင့် ဆက်ဆံရေးမူဝါဒများကိုချမှတ် ပေးထားပါတယ်။ လူသားအနေနဲ့ ကန့်သတ်တဲ့ စွမ်းရည်များရှိ နေသော်လည်း လူသားကို အစအဆုံးကူညီစောင်မ ပေးတော် မူမည့် ဘုရားသခင်အထံတော်မှ ကာယခွန်အား၊ ဗိဉာဉ်ခွန် အား၊ စိတ် ဓာတ်ရေးခွန်အားများကို ရယူတတ်သော အမျိုးသား ကိုသာ ဘဝလက်တွဲဖော်အဖြစ် လက်တွဲလိုပါတယ်။

**၄။ အပြောနှင့်အလုပ်ညီညွတ်သူ။**

အပြောတစ်မျိုး အလုပ်တစ်မျိုးထက် ဆိုးဝါးလှသော ယောကျ်ားတစ်ဦးလောက် ဆိုးဝါးမှုမရှိနိုင်။ အမျိုးသမီးတစ်ဦးကို မိတ်ဆွေဖြစ်လိုသောကြောင့်လား (သို့) ချစ်သူရည်းစားအဖြစ် ပိုးပန်းလို၍လားစသည်ဖြင့် ကွဲပြားသေချာမှုမရှိ ဝေ့လည် ကြောင်ပတ် လုပ်ဆောင်သော အမျိုးသားကို ကျွန်မတို့ လွန်စွာ စိတ်ပျက်ကြပါတယ်။ တိကျပြတ်သားသော ပန်းတိုင်၊ ရည်မှန်း ချက်တို့အတွက် အမျိုးသမီးများမှာ ဂုဏ်ယူမဆုံးဖြစ်ရသည်။ အမျိုးသမီးတစ်ဦးကို ပိုးပန်းရန်၊ ရေရှည်လက်တွဲရန် ဆန္ဒမရှိ ပါလျှင် လုံးဝမပိုးပန်းပါနဲ့။ တစ်ဘဝလုံးအတွက် ချစ်နှစ်သက်လို၍ ပိုးပန်းပါကလည်း ဖွဲ့ရှိရှိဖြင့် ပိုးပန်းကာ ချစ်မြတ်နိုးမှုကိုပြသပါ။ အမျိုးသမီးတစ်ဦးကို ချစ်ခင်မြတ်နိုးကြောင်း ပြောဆိုရင်ဖွင့် နေသည်ဆိုပါကလည်း ချစ်ခင်မြတ်နိုးကြောင်း လက်တွေ့ အပြု အမူ၊ အလုပ်များတွင်လည်း တစ်သားတည်းဖြစ်စေပါ။ ဥပမာ သင့်အနေဖြင့် စိတ်ဝင်စားရသော အမျိုးသမီးတစ်ဦးကျောင်းခန်းထဲတွင်ရှိနေသည်ကိုမြင်ပါက၊ သူရှိနေမှုကို သိရှိကြောင်း အသိ အမှတ်ပြုပါ။ အခြားအပေါင်းအသင်းများရှိသောကြောင့် သူ့ကိုလျစ်လျူမရှုလိုက်ပါနဲ့။ ထိုသို့မဟုတ်ပါက ထိုအပြုအမူက ရိုးရှင်းသည့် ဖြစ်ရိုးဖြစ်စဉ်ဟု ထင်ရသော်လည်း သင်တို့နှစ်ဦး အကြား၊ ဆက်ဆံရေးတွင် ရှုပ်ထွေးစေသော သတင်းစကားကို ပို့ဆောင်ပေးပါလိမ့်မည်။

**၅။ ပွင့်လင်းရိုးသားမှုရှိသူ။**

လောက၏နိယာမများနှင့်ဆန့်ကျင်စွာ အမျိုးသမီးများ အလိုရှိသည့် အမျိုးသားကောင်းမှာ သူတို့နှင့်အတူ အေးအတူ ပူအမျှသွားလာနေထိုင်တတ်သူမျိုးကိုသာ ပိုပြီးလေးစားမြတ်နိုး ကြသည်။ ထိုသို့ဆိုခြင်းဖြင့် သင့်အတိတ်၊ သင့်အတွေး အခေါ် များ အားလုံးကို ကျွန်မတို့အား ရင်ဖွင့်ပြောပြရမည်ဟုမဆိုလိုပါ။ ဆိုလိုသည်မှာ သတ်မှတ်ထားသည့် အတိုင်းအတာတစ်ခုအထိ ရိုးသားခြင်း၊ ဖြူစင်ခြင်း၊ ပွင့်လင်းခြင်းများဖြင့် အတူတကွ ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင်ရှိနေပေးခြင်းဖြစ်သည်။ အချို့သော အမျိုးသားများက ယောကျ်ားပီပီအရာရာ၌ ကျားကျား ယားယား သွားလာတတ်ခြင်းကို အမျိုးသမီးများနှစ်သက်တတ်ကြသည်ဟု ထင်မှတ်ကြသည်။ ကျွန်မတို့ အမျိုးသမီးများ လိုလားသည့် အမျိုးသားများကတော့ အရာရာတွင် ရဲစွမ်း သတ္တိအပြည့်ဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်သလို၊ မိမိ၏ခံစား ချက်ကိုလည်း ဖွင့်ပြရန် မကြောက်မရွံ့တတ်သည့် အမျိုးသားများကိုသာ ပိုမို လိုလားကြပါတယ်။

ကျွန်မအနေဖြင့် အမျိုးသမီးငယ်များ အားလုံးကိုယ်စား တော့ လုံးစေ့ပတ်စေ့မပြောနိုင်ခဲ့ပေမယ့် အများစုကတော့ ကျွန်မ တို့ အမှန်မျှော်လင့်နေတဲ့ အမျိုးသားရဲ့ စရိုက်လက္ခဏာများဆို တာကိုတော့ သဘောတူကြမယ်လို့မျှော်လင့်ယုံကြည်ပါတယ်။ ခရစ်တော်နှင့်အတူ သွားလာတတ်သောအမျိုးသား၊ ဖြူစင် ရိုးသားမှု၊ ယုံကြည်စိတ်ချမှုရှိသူ၊ အပြောနှင့်အလုပ်ညီညွတ်သော သူနှင့် ပွင့်လင်းရိုးသားမှုရှိသော အမျိုးသားကိုသာ ချစ်မြတ် နိုးလေးစားမိပါတယ်။

ကျွန်မတို့ယုံကြည်သူ အမျိုးသမီးများအနေနဲ့ စုံလင် ပြည့်ဝတဲ့အမျိုးသား ဖြစ်ရမယ်လို့ မတောင်းဆိုပါဘူး။ လောကမှာ စုံလင်တဲ့သူရယ်မှ မရှိတာ။ ဒါပေမယ့် ပျဉ်းမျှအားဖြင့် အထက်ပါ စိတ်ထားမျိုးရှိရပါမယ်။ အထက်ပါအရည်အသွေးတွေက သင့်ကို လောကအလယ်မှာ ခရစ်တော်အတွက် စွမ်းစွမ်းတမံ ရပ်တည် စေမယ့်အနာဂါတ်ခေါင်းဆောင်အဖြစ် တွန်းပို့ပေးမယ့် ခြေလှမ်း တွေပါပဲ။ အထက်ပါအရည်အချင်းမျိုးကို သင့်အစွမ်း ခွန်အား များဖြင့်မရနိုင်မှန်းသိပါရဲ့လား။ ထိုသို့အမျိုးကောင်း သားဖြစ်ရန် မဆုတ်မနစ်သော ဇွဲလုံ့လနှင့် ကြိုးစားအားထုတ်မှုတို့ အမှန် လိုအပ်သော်လည်း သင့်တစ်ဦးတည်း လုပ်ဆောင်ရန်မဟုတ်၊ သင့်အားအစဉ်အမြဲထောက်မ ဖေးကူနေမည့် အကြီးမြတ် ဆုံးသော ဘုရားသခင်သည် သင့်အနီးတွင် ရှိနေပါသည်။ ဘုရားသခင်မှတစ်ပါး ထိုသို့သောစုံလင်မှုနှင့် ထိုသို့သော စုံလင်မှုကိုပေးစွမ်းနိုင်သူမှာ ဘုရားသခင်မှတစ်ပါးအခြားသူမရှိ။ ဘုရားသခင်မှ သင့်အသက်တာကို ပုံသွင်းလမ်းပြခြင်းနှင့်အတူ တစ်နေ့တွင် ဘုရားသခင်ကိုချစ် ကြောက်ရိုသေသော အမျိုး သမီး၏ နှလုံးသားနှင့်တစ်သားတည်းကျစေမည့်သူအဖြစ်ဘုရား သခင်လမ်းပြပါလိမ့်မည်။

ဒါကို သာမမေ့ထားတတ်သူဆိုရင် ကျွန်မတို့ အမျိုး သမီးတွေ လိုလားတဲ့ အမျိုးကောင်းသား စာရင်းထဲမှာ ရှင်ပါဝင် နေပြီလို့ ဆို နိုင်ပါတယ်။ ။ နာမတော်မြတ်၌ - ဆယ်မြူရယ်စိုးလွင်

---

# မိဘကို ရိုသေစွာပြုပါ

**မိဘကို ရိုသေစွာပြုပါ။** *မေသူ "ဇေတနေဇာအသင်းတော်"*



ဘုရား သခင်ရဲ့ နှုတ်ကပတ်တော် အကြောင်းကို ဒီနေ့ ပြန်လည် ဝေမျှ ချင်ပါတယ်။ မိဘကို ရိုသေဖို့ ဘယ်လောက် အရေးကြီးတယ် ဆိုတာ နှုတ်ကပတ်တော်နဲ့ ဆင်ခြင် စေချင်ပါတယ်။ နောက်ဆုံး သော ကာလ ရောက်လာ ချိန်မှာ လူ များစွာဟာ ဖောက်ပြန် လာကြပါတယ်။ မိဘ စကားကို မရိုသေတာ၊ မိဘ စကားကို နား မထောင်တာ၊ မိဘကို မလေးမခန့် လုပ်နေတာ အများကြီး ရှိ ပါတယ်။ ကယ်တင်ခြင်း ရပါတယ်၊ ပြောင်းလဲပါတယ် ဆိုပြီးကာမှ ကျမ်းစာတော့ ဖတ်နေတာ ပါဘဲ၊ ကျမ်းစာ ကျောင်းတော့ တက်နေတာပါဘဲ၊ ကျမ်းစာ တော့ လေ့လာ နေတာပါဘဲ၊ ချီးမွမ်း ကိုးကွယ်ခြင်းတော့ လုပ်နေတာပါဘဲ၊ ဒါပေမဲ့ မိဘ ကို မရိုသေတဲ့ သူ၊ မိဘ စကားကို နားမထောင်တဲ့ သူတွေ အများကြီး ရှိနေ ပါ တယ်။ ဒါကြောင့်၊ အဲဒါနဲ့ ပါတ်သက်ပြီး ဆင်ခြင်ဖို့ ဝေမျှချင်ပါတယ်။ ၂တိ ၃း၁ ကနေ ဖတ်ကြည့်တဲ့ အခါမှာ - နောင်ကာလသည် ခဲယဉ်းသော ကာလ ဖြစ်မည် ကို သိမှတ် ကြလော့။ အဘယ်သို့နည်း ဟူမူကား သင်တို့သည် ကိုယ်ကိုကိုယ် ချစ်သောသူ၊ ငွေကို တပ်မက်သောသူ၊ ဝါကြွားသောသူ၊ ထောင်လွှား စော်ကား သော သူ၊ သူ့ဂုဏ်ကျေးကို ဖျက်သောသူ၊ မိဘ စကားကို နား မထောင်သောသူ၊ ဘုရား ဝတ်၌

မွေ့လျော် ယောင်ဆောင်၍ မွေ့လျော်ခြင်း တန်ခိုးကို ငြင်းပယ် သော သူ ဖြစ်ကြလိမ့်မည်။ ထိုသို့သော သူတို့ကို ရှောင်လော့ ဟု လို့ ပြောထား ပါတယ်။

ဒါကြောင့် ရိုးမွမ်း ကိုးကွယ်ခြင်းတွေ ဘယ်လောက်ဘဲ လုပ်လုပ်၊ ကျမ်း စာ ဘယ်လောက်ဘဲ ဖတ်ဖတ်။ မိဘကို မရိုသေ တာကတော့ ဘုရားပတ်၌ မွေ့ လျော် ယောင်ဆောင် တာဘဲ ဖြစ်ပါတယ်။ ထိုအရာကို အထူး ဆင်ခြင်ဖို့ ကျက် မှတ်ဖို့ သတိထားဖို့ရန် အတွက် အရမ်း အရေးကြီးပါတယ်။ လူ မြောက်များ စွာဟာ မိဘကို မရိုသေ ကြပါဘူး။ မိဘကို မပြုစု ကြပါဘူး။ မိဘကို စွန့်ပစ် ထား ကြတယ်။ မိဘကို ရိုသေတဲ့ အသက်တာ ထဲမှာ မထားကြပါဘူး။ ရိုသေ တဲ့ စကားလည်း မပြောကြပါဘူး။ အသက်ကြီးတဲ့ အဖေကို အဖိုးကြီး လို့ ခေါ်ကြ တယ်။ အသက် ကြီးတဲ့ အမေကို ဘွားတော် လို့ နာမည်ပြောင် ပေးတယ်။ ဒီ အရာတွေက မှားယွင်းတဲ့ အရာတွေ ဖြစ်ပါတယ်။ ကျမ တို့ရဲ့ မိဘတွေဟာ ကျမ တို့ကို ဘယ်လောက်အထိ ချစ်တယ် ဆိုတာ၊ ဘယ်လို ကြည့်ရှု ပြုစုခဲ့တယ် ဆိုတာ။ ပြန်လည်နှိုင်းယှဉ် ကြည့်မယ်ဆိုရင် ကျမတို့ ကျေးဇူး ပြန်ဆပ်လို့တောင် မကုန်နိုင် ပါဘူး။ အဲဒါကြောင့် ဒီအရာကို ဆင်ခြင် နားလည်ဖို့ရန် လိုအပ်ပါတယ်။ သင်ဟာ နောက်ဆုံးသော ကာလ ထဲကို ရောက်နေပေမဲ့ ဘုရားသား အမှန်၊ ယုံကြည်ခြင်း အမှန် ဖြစ်တယ်ဆိုရင် ဘုရားရဲ့ နှုတ်ကပါတ်တော်ကို ဆင်ခြင် နှလုံး သွင်းရန် အတွက် ပြောပြချင်ပါတယ်။ ဓမ္မဟောင်းကာလ မှာ မိဘကို မရိုသေတဲ့ အသက်တာက အင်မတန် ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။ မာကု ၇း၁၀။ ကို ဖတ်ကြည့်တဲ့ အခါမှာ မောရှေရဲ့ ပညတ်တရားက မိဘကို ရိုသေစွာ ပြုလော့။ အကြင်သူသည် မိဘကို နှုတ်ဖြင့် ပြစ်မှား၏။ ထိုသူသည် အသေသတ်ခြင်းကို ခံစေဟု လာသတည်း။

မောရှေခေတ်။ ။ မောရှေရဲ့ ပညတ်တော် ဆယ်ပါး ခေတ်တုံးက မိဘကို နှုတ်ပါးစပ်နဲ့ ပြစ်မှားရင်တောင် အသေသတ်ခြင်းကို ခံရတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။ ဘုရားသခင်က မိဘကို မိဘ နေရာမှာ ဘိသိက် ပေးပြီးတော့ ခန့်အပ်ထားတာ ဖြစ်ပါတယ်။ အိမ်ထောင် ပြု တိုင်းလည်း မိဘ မဖြစ်ပါဘူး။ အိမ်ထောင် ပြုတိုင်းလဲ ကလေး မရနိုင်တဲ့ အတွက်၊ မိဘ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် မိဘ ဆိုတာ ဘုရားသခင် အခွင့်ပေးမှ မိဘ ဖြစ် တာ ဖြစ်ပါတယ်။ ဘုရားသခင်က ရွေးချယ် ထားတာ ဖြစ်ပါတယ်။ ဘုရား သခင်ရဲ့ ဘိသိက် ကောင်းကြီး ဖြစ်ပါတယ်။



ဒါကြောင့် ဒီအရာကို နားလည် ပြီး မိဘ ကို ရိုသေ တတ် ဖို့လိုပါတယ်။ ဒါဝိဒ်ရဲ့ နှလုံး သားက အင် မတန် မှန်ကန်ပါတယ်။ ဘုရား သခင် ဘိသိက်ပေး ရွေး ကောက် ထား တဲ့ ရှောလုဘုရင်ကို နှုတ် နဲ့တောင် မပြစ် မှား ဘူး။ အဲဒီလို အ သက်တာ မှာ အသက်ရှင်တဲ့ ဒါဝိဒ်ဟာ ကောင်းစားတယ် ဆိုတာ တွေ့ရပါ တယ်။ ဘုရား အပေါ်မှာ မှန်ကန်တဲ့ သူက လူတွေ အပေါ်မှာလဲ မှန်ကန်ဖို့ရာ အရေးကြီး ပါတယ်။ ဒါပေမဲ့ နောက်ဆုံးသော ကာလမှာ ယုံကြည်သူ တော်တော် များများက ဒီအရာကို နားမလည်တော့ မိဘကို ပြစ်မှားတယ်။ မိဘကို မရိုမသေ ပြုတယ်။

နိုင်ငံခြားမှာ အလုပ် လုပ်ကိုင်နေပေမဲ့၊ ဒေါ်လာတွေ စားနေရပေမဲ့၊ မိဘ ဆီကို လစာငွေ ပြန်မပို့ကြပါဘူး။ ကိုယ့် ကျတော့ ကား အကောင်းစားတွေ စီးတယ်။ ကိုယ် ကြိုက်သလို သုံးဖြုန်းတယ်။ မိဘ ကိုတော့ ပြန် မကူညီချင်ဘူး။ စတဲ့ အကျင့်စရိုက် ရှိသူတွေကို ကျမတို့ တွေ့ရတယ်။ ဒါကြောင့် ဒီအရာက ဝမ်းနည်းဖွယ်ရာ ကောင်းပါတယ်။ ဒါက ဖာရိရှဲ တွေရဲ့ အကျင့်နဲ့ တူပါတယ်။ မာကု ၇း၁၀။ ကို နေ့စဉ် ဖတ်တဲ့အခါ ဘာတွေ ဆက်တွေ့ရသလဲ ဆိုရင် သင်တို့ မူကား အကြင်သူသည် ကိုယ်မိဘကို သင်တို့ အသုံး ရနိုင်သမျှသော ဥစ္စာ သည် အလှူဝတ္ထု တည်းဟူ သော ကော်ဗန် ဖြစ်စေဟု ဆို၏။ ထိုသူသည် မိဘဝတ်ကို အလျှင်း မပြုရဟု မြစ်တား၍ မိမိတို့ အဆက်ဆက် ခံသော နည်း ဥပဒေသ အားဖြင့် ဘုရားသခင် နှုတ်ကပါတ်တော်ကို ပယ်၏ လို့ပြောပါတယ်။ ဂျူးလူမျိုးများ အထူးသဖြင့် ယုဒ ဘာသာ ထုံးတမ်း စဉ်လာထဲမှာ သူတို့ ဟာ ဘုရားကို မှန်မှန် လှူရင်၊ မိဘကို ပြုစုစရာ မလိုဘူးဆိုတဲ့ ထုံးတမ်းစဉ်လာကို ဖာရိရှဲ တွေက ချမှတ်ထားတာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ဒီကနေ့ ဘုရား ကိုတော့ ကိုးကွယ် နေတယ်။ ဘုရားကိုတော့ လှူဒါန်းနေတယ်။ ဒါပေမဲ့ မိဘကိုတော့ မကူညီကြဘူး။ မိဘကို မကျွေးမွေးဘူး။ မိဘ ကျေးဇူးကို မဆပ်ဘူး - ဆိုရင်တော့ ဖာရိရှဲတွေရဲ့ အကျင့်တွေနဲ့ အတူတူဘဲ ဖြစ်နေပါလိမ့်မယ်။ ယုဒ ထုံးတမ်း အစဉ် အလာ အကျင့်ဘဲ ဖြစ်တယ် ဆိုတာ နားလည်ရပါတယ်။

ဒါကြောင့် ဤအရာဟာ ကြောက်မက်ဖွယ် ကောင်းပါတယ်။ ကျွန်ုပ်တို့ ကျမ်းထဲမှာ ဘုရားသခင်က မိဘကို ခန့်အပ်ထားတာ၊ ရွေးကောက်ထားတာ၊ အသုံး ပြု ထားတာကို မြောက်များစွာ တွေ့ရပါတယ်။ ထွက်မြောက်ရာကျမ်း အခန်းကြီး ၂၀ မှာ ဘုရားသခင် လူကို ပေးတဲ့ ပညတ်တော် ဆယ်ပါးထဲက ပထမ ဦးဆုံး ၄ ချက်က လူနဲ့ ဘုရားနဲ့ သက်ဆိုင်တာ ဖြစ်ပါတယ်။ ဒုတိယ ၆ ချက် ကတော့ လူ လူချင်း သက်ဆိုင်တာ ဖြစ်ပါတယ်။ လူလူချင်း ကြားထဲမှာ ကျင့်ရတဲ့ ပညတ်ထဲမှာ သူတပါးရဲ့ အသက်ကို မသတ်နဲ့၊ ဆိုတဲ့ ပညတ်ထက် ပိုပြီး ကြီးလေးတဲ့ ပညတ်၊ ပထမ ဦးဆုံး ပညတ်က ဘာလဲဆိုရင်၊ မိဘ ကို ရိုသေစွာပြုလော့ လို့ ဆိုထား ပါတယ်။ ဒါကြောင့် လူနဲ့ သက်ဆိုင်တဲ့ ပညတ်တွေထဲမှာ မိဘဟာ အရေး အကြီး ဆုံး နေရာမှာ ဘုရားသခင်က ခန့်အပ်ထားတယ် ဆိုတာ ပညတ်တော် ဆယ်ပါး ထဲမှာ ကျမတို့ တွေ့မြင်ရပါတယ်။ ဒါကြောင့် ကျမတို့ ယုံကြည်သူတွေ ဟုတ်မှန် တယ်။ ဘုရား သားသမီး ဖြစ်တယ် ဆိုရင်တော့ - မိဘကို ရိုသေဖို့၊ မိဘ ကို ကူညီ ပေးကမ်းဖို့ မိဘကို စိတ်ချမ်းသာစွာ ထားပြီးတော့ ပြုစုဖို့ရန် အတွက် လိုအပ် တယ် ဆိုတာ သမ္မာကျမ်းစာက သွန်သင်ထားပါတယ်။

ခရစ်ယာန် ညီအစ်ကို မောင်နှမ အယောက်တိုင်း မိဘကို ရိုသေစွာ ပြုကြ ပါစေ။ ဘုရားသခင် အယောက်စီတိုင်းကို ကောင်းကြီး ပေးပါစေ။ ။

မေသူ "ဧတာနေဖာအသင်းတော်"

**ဟာသသနှာ သူ့ရဲ့ကောင်း**

**ကာတွန်း-မင်းအောင်သက်လွင်**

ဟာသသနှာ သူ့ရဲ့ကောင်း *(ကာတွန်း - မင်းအောင်သက်လွင်)*

ဆရာလဲ စုံ၊ သင်တန်းလဲ စုံ၊ ပညာလဲ စုံပြီ။ အမှုတော် ဆောင်ပါတော့မယ်။
စိမ်းလန်းသော ကျက်စားရာ တိုးတက်သော နိုင်ငံရပ်ခြား၊ လူကုံထံ
အသိုင်း အဝိုင်း၊ သဘော်သား မိသားစုများ ကျင်လည်ရာ ရပ်ဝန်းနှင့်
ဒေါ်လာငွေ ပေါများရာ အရပ်တွင် အကျွန်ုပ်ကို ပို့ဆောင်တော်မူပါ။
အသက် သေဆုံးသည့်တိုင်အောင် သစ္စာရှိစွာ အမှုတော် ထမ်းရွက်ပါမည်။
အာမင်။ ။ ဟီးဟီးဟီး

